ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

## ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စ အသိပေးအကြောင်းကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ (၈-၅-၂၀၁၈) ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၈)ဖြင့် **(၃-၁၁-၂၀၁၈)ရက်၊ (စနေနေ့)**တွင် လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ် နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းကြေညာချက်အရ အောက်ဖော်ပြပါလစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

**ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်**

| | |
|---|---|
| - ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော် | ကန်ပက်လက်မြို့ |
| - လဲချားမြို့နယ် ပြည်သူ့လွှတ်တော် | လဲချားမြို့ |
| - တာမွေမြို့နယ် ပြည်သူ့လွှတ်တော် | တာမွေမြို့ |
| - မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော် | မြင်းခြံမြို့ |

**အမျိုးသားလွှတ်တော်မဲဆန္ဒနယ်**

- ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် မြစ်ကြီးနားမြို့ အမှတ်(၂)

**တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေများ**

| | |
|---|---|
| - မတူပီမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) | မတူပီမြို့ |
| - တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူးမြို့ |
| - အုတ်တွင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်းမြို့ |
| - သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်းမြို့ |
| - ရသေ့တောင် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |
| - မင်းဘူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) | မင်းဘူးမြို့ |
| - ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) | ဆိပ်ကမ်းမြို့ |
| - မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေးတိုင်း ဒေသကြီး တစ်ခုလုံး (ပြည်ထောင်စု နယ်မြေမှအပ) |

၃။ သို့ဖြစ်ပါ၍ **ဟောင်ကောင်နှင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသတို့တွင်** နေထိုင်လျက်ရှိသော **ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသည့် သက်တမ်းရှိ မြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူ မြန်မာနိုင်ငံသားများ** အနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် ပုံစံ(၁၅)အား ကောင်စစ်ဝန်ချုပ်ရုံး၏

websit ဖြစ်သည့် myanmar.e-consulate.org တွင် Download လုပ်၍ ရရှိနိုင်ပါသကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ website ဖြစ်သည့် www.uecmyanmar.org တွင်လည်း Download ရယူနိုင်ပါသည်။

၄။ လစ်လပ်မဲဆန္ဒနယ်များတွင် အကျုံးဝင်သည့် မြန်မာနိုင်ငံသားများ အနေဖြင့် ပုံစံ (၁၅)ကို ဖြည့်စွက်၍ အောက်ဖော်ပြပါ လိပ်စာသို့ **စာတိုက်**မှဖြစ်စေ၊ **email** ဖြင့် ဖြစ်စေ၊ **Fax** ဖြင့်ဖြစ်စေ (၉-၇-၂၀၁၈) ရက် (တနင်္လာနေ့) နောက်ဆုံး ထား၍ ပြန်လည်ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် -

The Republic of the Union of Myanmar
Consulate General in Hong Kong
Room 2401-2405 & 2436 – 2440, 24/F,
Sun Hung Kai Centre, 30 Harbour Road,
Wan Chai, Hong Kong

Fax: (852) 2845 0820
Email: myancghk@biznetvigator.com
consulate-hongkong@mofa.gov.mm

၅။ ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ(၁၅)အား ဖြည့်သွင်းရေးသားလျှောက်ထား သူများ အနေဖြင့် အထက်စာပိုဒ်(၂)တွင် ဖော်ပြထားသော မဲဆန္ဒနယ်မြေများတွင် နေထိုင်ကြသူများဖြစ်ရမည် ဖြစ်ပါသည်။ ယင်း ပုံစံ(၁၅)ကို ဖြည့်သွင်းရာတွင်လည်း **အမှတ်စဉ် (၁) မှ (၇)အထိအား မြန်မာဘာသာဖြင့်** ဖြည့်သွင်းရေးသားပေးရန်ဖြစ်ပြီး၊ **အမှတ်စဉ်(၈)**အား ဖြည့်သွင်းရေးသားရာတွင် **အင်္ဂလိပ်ဘာသာဖြင့်**သာ ဖြည့်သွင်း ရေးသားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကြိုတင်ဆန္ဒမဲ ပေးခွင့်လျှောက်ထားသော မြန်မာနိုင်ငံသားများအနေဖြင့် ပုံစံ (၁၅) နှင့်အတူ မိမိတို့၏လက်ဝယ်ရှိ **သက်တမ်းရှိ**

**မြန်မာနိုင်ငံသားလက်မှတ်များကိုပါ** မိတ္တူပူးတွဲ တင်ပြရမည် ဖြစ်ပါသည်။ ထို့ပြင် လိုအပ်ပါက ဆက်သွယ်နိုင်ရန် ဖြည့်သွင်းရေးသားသူ၏ ဆက်သွယ်ရန် တယ်လီဖုန်းအမှတ် (သို့မဟုတ်) email address များကိုပါ ပူးတွဲပေးပို့ရမည့် နိုင်ငံကူးလက်မှတ်မိတ္တူများတွင် ဖြည့်စွက်ရေးသားပေးပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

၆။ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်မြေများတွင် အကျုံးဝင်သော ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြန်မာနိုင်ငံသားများ၏ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီးသည့် ပုံစံ(၁၅)များအား သက်ဆိုင်ရာသို့ **(၉-၇-၂၀၁၈)ရက်နေ့ နောက်ဆုံးထား၍** အချိန်မီပြန်လည် ပေးပို့ရမည်ဖြစ်သဖြင့် **ယင်းနေ့ နောက်ပိုင်းမှ ပေးပို့လာသော** ပုံစံ(၁၅)များအား **ဆက်လက်ပေးပို့ပေးနိုင်မည် မဟုတ်ပါကြောင်းလည်း** ကြိုတင်အသိပေးဖော်ပြအပ်ပါသည်။

၇။ ဖြည့်စွက်ရေးသားရမည့် ပုံစံ (၁၅)နှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာထားသည့် ကြေညာချက်အမှတ်(၆၀/၂၀၁၈)အားလည်း သိသာဖတ်ရှုနိုင်ပါရန် ပူးတွဲကြေညာအပ်ပါသည်။

**မြန်မာကောင်စစ်ဝန်ချုပ်ရုံး**
**ဟောင်ကောင်မြို့**

**ရက်စွဲ။ ၂၀၁၈ခုနှစ် ဇွန်လ ၄ ရက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၆၀ / ၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)

**လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| | **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|---|
| (၁) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) | လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) | တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) | မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) | မြစ်ကြီးနား |

| | **လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သောမြို့နယ်များ** |
|---|---|---|
| (၁) | မတူပီမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မတူပီ |
| (၂) | တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူး |
| (၃) | အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်း |
| (၄) | သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်း |
| (၅) | ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |

| | | |
|---|---|---|
| (၆) | မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မင်းဘူး |
| (၇) | ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ဆိပ်ကမ်း |
| (၈) | မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး တိုင်းဒေသကြီး တစ်ခုလုံး ( ပြည်ထောင်စု နယ်မြေမှအပ) |

( လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ် ၊ ၂ / ရကပ( ၅ ) /ကမရ
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန


MOFA | MMRS v1.0.0 | Printed By : ON 01/06/2018 07:54:29

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

--------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ----------------------------- သည် ---------------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------

(၃) မှတ်ပုံတင်အမှတ် -------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------

(၅) အဘအမည် -------------------------------------------------------

(၆) အမိအမည် -------------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
-------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
----------------မြို့နယ်၊ ----------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) -------------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -----------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။